**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန**

# ဆွစ်ဇလန်နိုင်ငံ၊ဂျနီဗာမြို့တွင် ကျင်းပပြုလုပ်သည့် United State Holocaust Memorial Musueum/US Permanent Mission အဖြစ် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများ လူ့အခွင့်အရေးချိုးဖောက်ခံရမှုအခြေအနေ ဆွေးနွေးခြင်းအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းမှ မှတ်ချက်ပြုပြောကြားချက်များ

**၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်**

မင်္ဂလာနေ့လည်ခင်းပါ

မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ ရိုဟင်ဂျာတွေရဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုအခြေအနေတွေနဲ့ ပတ်သက်ပြီး ဒီကနေ့ ဆွေးနွေးဖို့ ဖိတ်ခေါ်တဲ့အတွက် အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ၂၀၁၇ နှစ်တုန်းကအကြမ်းဖက်စစ်တပ်က ရခိုင်ပြည်နယ်မှာရှိတဲ့ရိုဟင်ဂျာပြည်သူတွေအပေါ် ရည်ရွယ်ချက်ရှိရှိ စနစ်တကျ ထိုးစစ်ဆင်အကြမ်းဖက်မှုတွေကြောင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှု၊ ပျောက်ဆုံးမှု၊ အုပ်စုဖွဲ့ မုဒိမ်းကျင့်ခံရမှု၊ မီးရှို့ခံရမှုတွေနဲ့ အတင်းအကြပ် ရွှေ့ပြောင်းနေထိုင်စေမှုစတဲ့ ဖြစ်ရပ်ဆိုးကြီးတွေ ဖြစ်ခဲ့တာဆိုရင် (၆) နှစ်ပြည့်မြောက်တော့မှာပဲဖြစ်ပါတယ်။

အသက်ပေါင်းများစွာ သေကြေပျက်စီးခဲ့ရပါတယ်။ ထို့အတူသမိုင်းတွေလည်း ဖျောက်ဖျက် ခံခဲ့ရပါတယ်။ အခုအချိန်မှာတော့ အမေရိကန်နိုင်ငံရဲ့ စနစ်တကျနဲ့အသေးစိတ်ကျတဲ့ စုံစမ်းဖော်ထုတ်မှု၊ စိစစ်မှုတွေနောက်မှာတော့ အကြမ်းဖက်စစ်တပ်ရဲ့ ကျူးလွန်ခဲ့မှုတွေဟာ လူမျိုးသုဉ်း သတ်ဖြတ်မှု မြောက်ကြောင်း သက်သေထူနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဒီနေ့လို အရေးကြီးတဲ့ တွေ့ဆုံမှုကိုဦးဆောင်စီစဉ်ဆောင်ရွက်ပေးတဲ့ သံအမတ် Taylor နဲ့ အမေရိကန် အခြေစိုက်လူမျိုးသုဉ်းသတ်ဖြတ်မှုမှတ်တမ်းပြတိုက် တာဝန်ခံ Ms. Naomi Kikoler တို့ကို အထူးပဲ ကျေးဇူးတင်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်၊ဧပြီလတုန်းက ကျွန်တော်ဟာ Holocaust Museum မှာပြသတဲ့ "လူမျိုးသုဉ်း သတ်ဖြတ်မှုဆီသို့ မြန်မာနိုင်ငံရဲ့သွားရာလမ်း” ခေါင်းစဉ်နဲ့ ကျင်းပတဲ့ပြပွဲကို ဖိတ်ကြားခံရလို့ တက်ရောက်ခဲ့ပါတယ်။ အဲ့ဒီပြပွဲမှာ ပြတိုက်မှာအမြဲပြသထားတဲ့ ပြခန်းနဲ့ မြန်မာနိုင်ငံ အကြောင်း သီးသန့်ပြသထားတဲ့ပြခန်းတွေထဲမှာတိုင်းရင်းသားဖြစ်မှု၊လူမျိုးရေးနဲ့ ဘာသာရေးစတဲ့ ဝိသေသတွေ

ရှိတဲ့လူတွေအပေါ်သက်ရောက်စေခဲ့တဲ့ ကြောက်ရွံ့စရာကောင်းလှတဲ့ အကြောင်းအရာတွေကို တွေ့ရှိခဲ့ရပြီး လွန်စွာ ရှက်ရွံ့မိပါကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးတယောက်အနေနဲ့
ပြောနိုင်တာကတော့ အမျိုးသားညီညွှတ်ရေးအစိုးရ အနေနဲ့လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ရှက်ရွံ့မိကြောင်းနဲ့ ရိုဟင်ဂျာပြည်သူတွေအပေါ် ဖယ်ထုတ်ပြီး ခွဲခြားဆက်ဆံခဲ့တဲ့ ပေါ်လစီတွေနဲ့ လက်တွေ့ကျင့်သုံးမှုတွေက နောက်ထပ်ဖြစ်ပေါ်လာတဲ့ ရက်စက်ကြမ်းကြုပ်မှုတွေကို လမ်းခင်းပေးခဲ့တာဆိုတဲ့အချက်ကို အသိအမှတ်ပြုကြောင်းပါဘဲ။

၂၀၁၇ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ ရိုဟင်ဂျာပြည်သူတွေအပေါ် အကြမ်းဖက်ရက်စက်မှုဟာ ရိုဟင်ဂျာပြည်သူတွေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ အခြားလူနည်းစုတွေအပေါ် ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေဟာ အကြိမ်ကြိမ် ထပ်ခါထပ်ခါဖြစ်ပေါ်နေတာဖြစ်ပါတယ်။တခုတည်းသောအဖြစ်အပျက်မဟုတ်ပါဘူး။ ပြတိုက်ကသုံးထားတဲ့"အပြစ်ပေးအရေးယူခြင်းသမိုင်း"ဆိုတဲ့အသုံးအနှုန်းကအထူးသင့်လျော်ကိုက်ညီလှပါတယ်။ ဒါဟာတကယ်တော့ လူသားတွေကို "လူသားအဖြစ်ကနေနှိမ့်ချ ဆက်ဆံခြင်းသမိုင်း" ဆိုလည်း မမှားပါဘူး။

သိန်းနဲ့ချီတဲ့ ရိုဟင်ဂျာပြည်သူတွေဟာ ၂၀၂၃ ခုနှစ်အတွင်းမှာ သူတို့နေထိုင်ခဲ့တဲ့နေရာတွေကနေ စွန့်ခွာထွက်ပြေးနေရဆဲပါ။ များပြားလာတဲ့ ရွှေ့ပြောင်းဒုက္ခသည်အရေအတွက်တိုးလာခဲ့ပါတယ်။ သူတို့တွေဟာ ကန့်သတ်ထားတဲ့ ဒုက္ခသည်စခန်းတွေထဲမှာ နေထိုင်နေရပြီး ဘယ်တော့ဖြစ်လာမှန်း မတွေးဆနိုင်တဲ့ အိမ်ပြန်လမ်းတွေကို ငြင်းပယ်ခံနေရလျက်ရှိပါတယ်။ အဲ့ဒီဒုက္ခတွေ ကနေ လွတ်မြောက်စေမယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ တခြားနိုင်ငံတွေကို ရေကြောင်းကနေ ဝင်ရောက်ဖို့ ထပ်မံကြိုးပမ်း လာခဲ့ကြပါတယ်။ လူကုန်ကူးသမားတွေရဲ့ သားကောင်ထပ်ဖြစ်ရတဲ့ ဖြစ်ရပ်ဆိုးတွေနဲ့အတူ အသက်ဆုံးရှုံးမှု တွေ ကြုံတွေ့နေရပါတယ်။ ဒီအဖြစ်အပျက်တွေဟာဆိုရင် သူတို့ရဲ့ စိတ်ဓာတ်ကျ ကူကယ်ရာမဲ့တဲ့ အခြေ အနေတွေကို ထင်ဟပ်နေတဲ့အဖြစ်အပျက်တွေပါပဲ။

ပြီးခဲ့တဲ့ ၂၀၂၂ ဒီဇင်ဘာလမှာ ကျွန်တော်တို့ရဲ့ဝန်ကြီးဌာနအနေနဲ့ ပင်လယ်ပြင်မှာသောင်တင်နေသော ရိုဟင်ဂျာဒုက္ခသည်များကို အရေးပေါ်အကူအညီများပေးဖို့ အာဆီယံနှင့် သူ့ရဲ့အဖွဲ့ဝင်နိုင်ငံများကို လူသိ ရှင်ကြား တောင်းဆိုခဲ့ပါတယ်။အကြမ်းဖက်စစ်တပ်ရဲ့ နှိပ်စက်ညှဉ်းပန်းမှု ကြုံတွေ့နေရတဲ့ သူတို့ကို ဘယ်လိုအနေအခြေမျိုးမှာမှ မြန်မာနိုင်ငံကို ပြန်လည်မပို့ဆောင်သင့်ဖူးလို့ တိုက်တွန်းခဲ့ပါတယ်။ ဒါ့အပြင် အဲဒီလအတွင်းမှာပဲ ရန်ကုန်မှာ လူကုန်ကူးခံရတယ်လို့ ယူဆရတဲ့ ရိုဟင်ဂျာအမျိုးသား (၁၃)ဦးရဲ့အလောင်းတွေကို လမ်းဘေးမှာ စွန့်ပစ်ထားမှုကို တွေ့ရှိခဲ့ရတဲ့အပေါ် ကျွန်တော်တို့အနေနဲ့ တုန်လှုပ်ချောက်ခြားမိကြောင်းနဲ့ ဝမ်းနည်းကြောင်းသဘောထားတွေကို ထုတ်ပြန်ခဲ့ပါတယ်။

အတိုချုပ်ပြောရရင်တော့ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံများက စေတနာကောင်းနဲ့ ကာကွယ်မှု ပြုနေပေမယ့် ရိုဟင်ဂျာများရဲ့ဘဝကတော့ သိသိသာသာတိုးတက်မှုမရှိခဲ့ပါဘူး။ သူတို့ အိမ်ပြန်ဖို့ မနီးစပ်သေးပါဘူး။ တရားမျှတမှုရော၊ ပြန်လည်ကုစားပေးတဲ့အစီအစဉ်တွေလည်း မရှိသေးပါဘူး။ ဒီပြစ်မှုတွေကို ကျူးလွန်သူတွေ အများအပြားဟာ အပြစ်ပေးခြင်းကနေ ဆက်လက် လွတ်မြောက်နေပြီး စစ်ရာဇဝတ်ကောင်များဟာ တရားမဝင် စစ်အာဏာရှင်များအဖြစ်တိုးမြင့်လာပြီး ရက်စက်ယုတ်မာမှုတွေ အရှိန်မြင့် ကျူးလွန်လာနေပါတယ်။

ဒီအခြေအနေတွေဟာ အားလုံးသိတဲ့အတိုင်းပဲ ကြီးမားတဲ့စိန်ခေါ်မှုကိုဖော်ပြနေတာဖြစ်ပါတယ်။ အကြမ်းဖက်စစ်တပ်ရဲ့ မအောင်မြင်တဲ့ အာဏာရယူနိုင်ဖို့ ကြိုးပမ်းမှုနောက်ပိုင်းမှာ စစ်တပ်ရဲ့ အကြမ်းဖက်မှုတွေကြောင့် သန်းပေါင်းများစွာသော မြန်မာပြည်သူတွေဟာ အိုးအိမ်စွန့်ခွာပြီး ထွက်ပြေး လာခဲ့ကြပါတယ်။ ဒါပေမယ့် ဒီအကြောင်းအချက်တွေကြောင့် အမျိုးသားညီညွတ်ရေး အစိုးရအနေနဲ့ ရိုဟင်ဂျာများအပါအဝင်အခြားသောလူနည်းစုများအပေါ် ကာကွယ်စောင့်ရှောက်ရမယ့်အစိုးရတစ်ရပ်ရဲ့တာဝန်ကို ခေါင်းရှောင်ဖယ်ရှားသွားမှာမဟုတ်ပါဘူး။

ဒါကြောင့် ကျွန်တော့်နေနဲ့ ကျွန်တော်တို့အစိုးရ NUG အနေနဲ့ ဆောင်ရွက်ဖို့လျာထားတဲ့ အဆင့်အချို့ကို ဆွေးနွေးတင်ပြပါ့မယ်။

၁။ ပထမဆုံးအနေနဲ့ ရိုဟင်ဂျာတွေအပေါ် ရက်စက်ကြမ်းကြုတ်မှုတွေရဲ့ အတိုင်းအတာနဲ့ အဲ့ဒီရက်စက် ကြမ်းကြုတ်မှုအတိုင်းအတာကို အမှန်တကယ် အသိအမှတ်ပြုဖို့၊ တာဝန်ရှိတဲ့ ကျူးလွန်သူတွေကို အပြစ်ပေးအရေးယူဖို့ ငြင်းဆိုလေ့ရှိတဲ့ အစဉ်အလာကို ရပ်တန့်ပစ်ရပါမယ်။ အမှန်တရား ကိုထုတ်ဖော် ပြောဆိုခြင်းနှင့် တာဝန်ခံမှုတို့ဟာ ဒီကိစ္စအတွက်မရှိမဖြစ် အရေးပါတဲ့ အရာတွေဖြစ်တယ်။အမျိုးသားညီညွတ်ရေးအစိုးရအနေနဲ့ ပြည်တွင်းအနေနဲ့ရော နိုင်ငံတကာ တာဝန်ခံမှု ယန္တရားတွေနဲ့ပါ ပူးပေါင်းပြီး တရားမျှတမှုဖော်ဆောင်နိုင်ဖို့ကတိကဝတ်ပြုပါတယ်။

- ရောမဥပဒေအပိုဒ် 12(3) အရ နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး (ICC) ရဲ့တရားစီရင်ပိုင်ခွင့်အာဏာကို ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။
- ဂမ်ဘီယာအမှုမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုပြီးအပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) နဲ့ ပူးပေါင်း ဆောင်ရွက်မည်ဟုကတိပြုထားပြီးဖြစ်သလိုတရားရုံးကဆုံးဖြတ်သမျှကိုလည်း လက်ခံလိုက်နာ မည်ဖြစ်ကြောင်း တင်ပြပြီးဖြစ်ပါတယ်။
- IIMM ထံ သတင်းအချက်အလက်များကို မျှဝေလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်အာဏာကို အသုံးပြုပြီး သက်ဆိုင်ရာနိုင်ငံအလိုက် နိုင်ငံတော်အဆင့်တရားရုံးတွေမှာ ကျူးလွန်သူတွေကို တရားစွဲဆိုနိုင်ဖို့ တိုက်တွန်းလျက်ရှိပါတယ်။

၂။ ဒုတိယအနေနဲ့ကတော့ ရိုဟင်ဂျာတွေကိုသူတို့ စိတ်ဆန္ဒအရ ဘေးကင်းပြီး ဂုဏ်သိက္ခာရှိရှိ အိမ်ပြန်ခေါ်လာဖို့ ကတိကဝတ်ပြုထားပြီးပါတယ်။
ဒါ့အပြင် လတ်တလောတာဝန်တွေကိုလည်း ထမ်းဆောင်နေလျက်ရှိပါတယ်။ ကော့ဘဇားရှိ ဒုက္ခသည် စခန်းတွေက အမျိုးသမီးများနှင့် လူငယ် အပါအဝင် ရိုဟင်ဂျာ ကိုယ်စားလှယ်များနှင့် ဆက်တိုက် တွေ့ဆုံခဲ့ပါတယ်။ သူတို့ရဲ့လိုအပ်ချက်များကို နားထောင်ကြည့်တဲ့အခါ ရှင်းလင်း ပြတ်သားပြီး ချက်ချင်းလိုအပ်နေတဲ့အရာတွေပဲဖြစ်တယ်။အမျိုးသားညီညွတ်ရေးအစိုးရအနေနဲ့ ရိုဟင်ဂျာလူငယ်များ အတွက် အွန်လိုင်းပညာရေးအခွင့်အလမ်းတွေကို ပံ့ပိုးပေးနေပြီး မိတ်ဆွေ ဘင်္ဂလားဒေ့ရှ်အစိုးရနဲ့ ညှိနှိုင်းပြီး ပံ့ပိုးကူညီမှုပုံစံများကို ထပ်မံဖော်ထုတ်သွား မှာဖြစ်ပါတယ်။

၃။ တတိယအချက်ကတော့ ရိုဟင်ဂျာတွေရဲ့အသံကို ပိုမိုခိုင်မာစေဖို့အတွက် NUG အစိုးရ အတွင်း မှာ ရိုဟင်ဂျာ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်း လုပ်ငန်းစဉ်ကို လုပ်ဆောင်နေပါတယ်။ NUG မူဝါဒများ၊ ရာထူးများနှင့် ပရိုဂရမ်များ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရိုဟင်ဂျာများ၏ ထည့်သွင်းမှုအား သေချာစေရန် အတိုင်ပင်ခံယန္တရားကိုလည်း ထူထောင်သွားပါမယ်။

၄။ စတုတ္ထအနေနဲ့ကတော့ ခွဲခြားဆက်ဆံမှု၊ လူမျိုးကြီးဝါဒနှင့် အခြေခံလွတ်လပ်မှုကို တားဆီးဖို့ သဘောထားကွဲလွဲမှုများကို ဟန့်တားဖို့ သမိုင်းကြောင်းအရ အသုံးပြုခဲ့တဲ့ ဥပဒေများကို ပြီးပြည့်စုံ သော ပြန်လည်ပြင်ဆင်မှုရှိဖို့လိုအပ်ပါတယ်။ ၂၀၂၂ခုနှစ်ဇွန်လမှာထုတ်ပြန်ခဲ့တဲ့ အမျိုးသား ညီညွတ်ရေးအစိုးရ ရဲ့ **"ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် မူဝါဒ"**နဲ့ အညီ နိုင်ငံသားဖြစ်ခွင့်ကို **မြန်မာနိုင်ငံမှာ မွေးဖွားမှုနဲ့ မြန်မာနိုင်ငံသား မိဘများက မည်သည့်နိုင်ငံတွင်မွေးဖွားခဲ့သည်ဖြစ်စေ နိုင်ငံသားအဖြစ်အသိအမှတ်ပြုမှု** ကို အခြေခံတဲ့ နိုင်ငံသားဖြစ်ခွင့်အက်ဥပဒေသစ်ကို ရေးဆွဲနိုင်ဖို့ အတွက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) တို့ နဲ့ ဆွေးနွေး တိုင်ပင်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၁၅ ခုနှစ် အမျိုးဘာသာစောင့်ရှောက်ရေး ကာကွယ်ရေး ဥပဒေများ ကို ဖျက်သိမ်းနိုင်ရေးကိုလည်း လုပ်ဆောင် လျက်ရှိပါတယ်။

၅။ နောက်ဆုံးအချက်အနေနဲ့ကတော့ အမျိုးသားညီညွတ်ရေးအစိုးရဟာ မြန်မာနိုင်ငံရဲ့တရားဝင် ပြည်သူ့အစိုးရ ဖြစ်သည့်အားလျော်စွာ လူ့အခွင့်အရေးကောင်စီမှာ လူ့အခွင့်အရေးအခြေအနေတွေ ဖြစ်တဲ့ရိုဟင်ဂျာအရေးနဲ့ ပတ်သက်ပြီး လုပ်ဆောင်မှုတွေ၊ စိန်ခေါ်မှုတွေနဲ့ နည်းပညာပိုင်းဆိုင်ရာ အကူအညီ တောင်းခံလိုမှုတွေကို တင်ပြဖို့ တာဝန်ရှိကြောင်း အခိုင်အမာယုံကြည်ပါတယ်။

နိုင်ငံတကာနဲ့ပိုမိုထိတွေ့ဆက်ဆံဖို့နဲ့ လူ့အခွင့်အရေးကောင်စီကနေ မြန်မာနိုင်ငံအပေါ် ခိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခုရရှိနိုင်စေရေးအတွက် တိုက်တွန်းဖို့ ကျွန်တော် ဂျီနီဗာကို ရောက်ရှိနေခြင်း ဖြစ်ပါတယ်။ နယူးယောခ့်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ သံအမတ်ကြီးက အထွေထွေညီလာခံ ကနေ

သူ့ရဲ့ရာထူး နှင့် လုပ်ပိုင်ခွင့်တွေကို ဆက်လက်ထိန်းသိမ်းထားပေမယ့် လူ့အခွင့်အရေး ကောင်စီမှာတော့ မြန်မာနိုင်ငံရဲ့ နေရာ၊ ထိုင်ခုံဟာ နှစ်နှစ်ကြာတဲ့အထိ လွတ်နေတာကို တွေ့ရှိရတယ်။ လူ့အခွင့်အရေးဗျူရိုနှင့် အဖွဲ့ဝင်များအနေနဲ့လည်း ဒီလို အထွေထွေညီလာခံ ဆုံးဖြတ်ချက်နဲ့ လိုက်လျောညီထွေမဖြစ်မှု၊ မဖြစ်သင့်မဖြစ်ထိုက်တဲ့အခြေအနေကို မိမိတို့ရဲ့လုပ်ပိုင်ခွင့်များကို အကောင်းဆုံး အသုံးပြုပြီး အမြန်ဆုံးပြင်ဆင်ပေးစေလိုပါတယ်။ မြန်မာပြည်သူလူထုရဲ့ အသံကို ကြားနိုင်ဖို့ မြန်မာနိုင်ငံကိုယ်စားပြုမှုနေရာကို အမြန်ဆုံးပြန်လည် ပေးအပ်ပါလို့တိုက်တွန်းပါတယ်။

ဒီနေ့ကျွန်တော့်ရဲ့တင်ပြမှု အခွင့်အရေးကိုရရှိခဲ့တဲ့အတွက်အားလုံးကိုကျေးဇူးတင်ပါတယ်။
အထူးသဖြင့် သံအမတ်ကြီး Taylor နှင့် Ms. Kikoler တို့ကို ကျေးဇူးတင်မိပါတယ်။
ရှေ့ဆက် ဆွေးနွေးမှုများရရှိနိုင်ဖို့ကို မျှော်လင့်ပါတယ်။